## ၁၉၆၁ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ။ *

(၁၉၆၁ခုနှစ်၊ အက်ဥပဒေအမှတ် ၁၂။)

(၁၉၆၁ခုနှစ်၊ မတ်လ ၂၇ ရက်)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ **အမည်။** ။(၁) ဤအက်ဥပဒေကို ၁၉၆၁ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေ ဟု ခေါ်တွင်စေရမည်။

(၂) နိုင်ငံတော်သမ္မတသည် ဤအက်ဥပဒေတစ်ခုလုံးကိုသော်လည်းကောင်း၊ ဤအက်ဥပဒေ၏ အစိတ်အပိုင်းကိုသော်လည်းကောင်း၊ အမိန့်ကြော်ငြာစာဖြင့် ရုပ်သိမ်းနိုင်သည်။

၂။ **ခြေချုပ်အမိန့်။** ။(၁) ဤအက်ဥပဒေအရ ချမှတ်သည့် ခြေချုပ်အမိန့်ဖြင့်—

(က) တစ်ဦးတစ်ယောက်သောသူကို၊ အမိန့်တွင် သတ်မှတ်ထားသည့် နယ်မြေအတွင်း၌သာ သွားလာနေထိုင်ရမည်ဟု ခြေချုပ်ထားနိုင်သည်၊ သို့တည်းမဟုတ်

(ခ) တစ်ဦးတစ်ယောက်သောသူအား၊ အမိန့်တွင် သတ်မှတ်ထားသည့် အချိန်၊ နေရာ၊ နည်းလမ်းများအတိုင်း ကိုယ်တိုင်လာရောက်တိုင်ကြားရန် ဆင့်ဆိုနိုင်သည်၊ သို့တည်းမဟုတ်

(ဂ) ထိုသူအား အပိုဒ်(က)အရ ခြေချုပ်ခြင်းနှင့် အပိုဒ်(ခ)အရ ဆင့်ဆိုခြင်းနှစ်ရပ်လုံး ပြုနိုင်သည်။

(၂) ဤအက်ဥပဒေအရ ချမှတ်သည့် ခံဝန်အမိန့်ဖြင့်– ကောင်းစွာ ကျင့်ကြံနေထိုင်ရန် အနည်းဆုံး ခံဝန်သူနှစ်ယောက်ဖြင့် ခံဝန်ချုပ်–ချုပ်ဆိုစေနိုင်သည်။

၃။ ***ပြစ်မှုကျူးလွန်တတ်သူများကို ဖမ်းဆီးခြင်း။*** ။မည်သည့် ရဲဌာနာကြီးကြပ်အုပ်ချုပ်သူအရာရှိမဆို ရာဇဝတ်တရားသူကြီးထံမှ အမိန့်မရဘဲနှင့်လည်းကောင်း၊ ဝါရမ်းမရှိဘဲနှင့်လည်းကောင်း၊ အောက်ပါတို့ကို ဖမ်းဆီးနိုင်သည်။

(က) လုယက်လေ့ရှိသူဟုသော်လည်းကောင်း၊ အိမ်ဖောက်ထွင်းလေ့ရှိသူဟုသော်လည်းကောင်း၊ ခိုးဝှက်လေ့ရှိသူဟုသော်လည်းကောင်း သတင်းကျော်စောသူ။

---

* *မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း–၁၊ ၁၉၆၁ခုနှစ်၊ ဧပြီလ(၂၂)ရက်၊ စာမျက်နှာ–၆၄၀။*

(ခ) သူခိုး၊ သို့မဟုတ် လုယက်သူ၊ သို့မဟုတ် ဓားပြများကို ကာကွယ်စောင့်ရှောက်ပေးလေ့ရှိသူ၊ ၎င်းတို့ကို လက်သင့်ခံလေ့ရှိသူ၊ သို့တည်းမဟုတ် ခိုးရာပါပစ္စည်းဖြစ်ကြောင်း သိလျက်နှင့် ခိုးရာပါပစ္စည်း လက်ခံလေ့ရှိသူ၊ သို့တည်းမဟုတ် ၎င်းတို့ကို ဖွက်သိမ်းရာတွင်သော်လည်းကောင်း၊ ထုခွဲရောင်းချရာတွင်သော်လည်းကောင်း ကူညီလေ့ရှိသူ။

(ဂ) လူခိုးမှု၊ သွေးဆောင်ဆွဲခေါ်မှု၊ လူပြန်ပေးဆွဲမှု၊ ခြောက်လှန့်တောင်းယူမှု၊ လိမ်လည်မှု၊ အကျိုးဖျက်ဆီးမှုများ ကျူးလွန်လေ့ရှိသူ၊ သို့တည်းမဟုတ် ထိုသို့ ကျူးလွန်ရန် အားထုတ်လေ့ရှိသူ၊ ထိုသို့ကျူးလွန်ရာ၌ အားပေးကူညီလေ့ရှိသူ။

(ဃ) မီးရထားလမ်းများ၊ လမ်းများ၊ သို့တည်းမဟုတ် တံတားများကို ဖျက်ဆီးဖောက်ခွဲလေ့ရှိသူ၊ သို့တည်းမဟုတ် ဖျက်ဆီးဖောက်ခွဲရာတွင် ကူညီလေ့ရှိသူ။

(င) လက်နက်ဥပဒေနှင့် ဆန့်ကျင်လျက် လက်နက်ခဲယမ်းမီးကျောက်များ လုပ်ဆောင်လေ့ရှိသူ၊ သို့တည်းမဟုတ် ထိုသို့ လက်နက်ခဲယမ်းမီးကျောက်များကို စုဆောင်းလေ့ရှိသူ၊ သို့တည်းမဟုတ် ရောင်းဝယ်ဖောက်ကားလေ့ရှိသူ။

(စ) ငြိမ်ဝပ်ပိပြားမှုပျက်ပြားစေရေး ဖြစ်ပေါ်စေသည့် ပြစ်မှုကိုကျူးလွန်လေ့ရှိသူ၊ သို့တည်းမဟုတ် ထိုသို့ ကျူးလွန်ရန်အားထုတ်လေ့ရှိသူ၊ ထိုသို့ ကျူးလွန်ရာ၌ အားပေးကူညီလေ့ရှိသူ။

၄။ ။(၁) ပုဒ်မ ၃အရ ဖမ်းဆီးခံရသူများကို ရာဇဝတ်တရားသူကြီးက ချမှတ်သော အမိန့် မရှိလျှင် ၂၄နာရီထက် ပို၍မချုပ်ထားရ။

**အဖမ်းခံရသူကို ၂၄နာရီထက် ပို၍ ချုပ်မထားရခြင်း။**

(၂) အဆိုပါသူများကို ၂၄နာရီထက် ကျော်လွန်ပြီး ၁၅ရက်ထက် မပိုစေသော ရက်အပိုင်းအခြားအတွက် ချုပ်ထားခွင့်ကို ရာဇဝတ်တရားသူကြီး တစ်ဦးဦးက အမိန့်ချမှတ်ခွင့် ပြုနိုင်သည်။

(၃) မည်သည့် ရဲဌာနာ ကြီးကြပ်အုပ်ချုပ်သူအရာရှိမဆို ပုဒ်မ ၃အရ ဖမ်းဆီးခံရသူအား၊ ဤအက်ဥပဒေအရ၊ အရေးယူရန် တရားရုံး၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီး တစ်ဦးဦးထံသို့ အစီရင်ခံစာနှင့်တကွ တင်ပို့ရမည်။

(၄) ပုဒ်မ ၃အရ ဖမ်းဆီးခံရသူတစ်ဦးတစ်ယောက်ကို မည်သည့်ရဲအရာရှိမျှ ကိုယ်တိုင်ခံဝန်ချုပ်နှင့် ဖြစ်စေ၊ အာမခံနှင့် ဖြစ်စေ လွှတ်ခွင့်မရှိစေရ။

(၅) (က) ဖမ်းဆီးခံရသူကို ပုဒ်မခွဲ(၂)အရ ဆက်လက်ချုပ်ထားခွင့် တောင်းခံသည့်အခါ ရာဇဝတ်တရားသူကြီးသည် ဆက်လက်ချုပ်ထားရန် လုံလောက်သော အကြောင်း မရှိဟု ယူဆလျှင်၊ ထိုကဲ့သို့ ယူဆသည့်အကြောင်းများကို ရေးမှတ်ပြီး ထိုသူအား အာမခံနှင့် လွှတ်ထားနိုင်သည်။

(ခ) ဖမ်းဆီးခံရသူသည် မိန်းမဖြစ်လျှင် သို့တည်းမဟုတ် မကျန်းမာသူဖြစ်လျှင်၊ သို့တည်းမဟုတ် အားအင်ချိနဲ့သူဖြစ်လျှင် အမှုစစ်ဆေးဆဲတွင် ၎င်းအပေါ် တရားဥပဒေအရ အရေးယူနေဆဲအတွင်း၌ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေး အတွက် လုံလောက်သော ခံဝန်ချုပ်ဖြင့် လွှတ်ထားခွင့်ရှိသည်။

***ကောင်းမွန်စွာကျင့်ကြံနေထိုင်ရေးအတွက် ပြစ်မှုကျူးလွန်လေ့ရှိသူများကို ခြေချုပ်ထားရှိရန်၊ သို့တည်းမဟုတ် ခံဝန်ချုပ်ဆိုရေး။***

၅။ ။ (၁) ခရိုင်ရာဇဝတ်တရားသူကြီးကသော်လည်းကောင်း၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးကသော်လည်းကောင်း၊ ဤကိစ္စအလို့ငှာ နိုင်ငံတော်သမ္မတက အထူးအာဏာအပ်နှင်းထားသော ပထမရာဇဝတ်တရားသူကြီးကသော်လည်းကောင်း၊ မိမိစီရင်ပိုင်ခွင့်အာဏာရှိသည့် ဒေသန္တရနယ်နမိတ်အတွင်း၌ ရှိသောသူသည်–

(က) လုယက်လေ့ရှိသူ၊ အိမ်ဖောက်ထွင်းလေ့ရှိသူ၊ ခိုးဝှက်လေ့ရှိသူတစ်ဦးဦးဖြစ်သည် ဟူ၍သော်လည်းကောင်း၊

(ခ) သူခိုး၊ သို့တည်းမဟုတ် လုယက်သူ၊ သို့တည်းမဟုတ် ဓားပြများကို ကာကွယ်စောင့်ရှောက်ပေးလေ့ရှိသူ၊ ၎င်းတို့ကို လက်သင့်ခံလေ့ရှိသူ၊ ခိုးရာပါပစ္စည်းဖြစ်ကြောင်း သိလျက်နှင့် ခိုးရာပါပစ္စည်းလက်ခံလေ့ရှိသူ၊ သို့တည်းမဟုတ် ၎င်းတို့ကို ထုခွဲရောင်းချရာတွင်၊ သို့တည်းမဟုတ် ဝှက်သိမ်းရာတွင် ကူညီလေ့ရှိသူဖြစ်သည်ဟူ၍သော်လည်းကောင်း၊

(ဂ) လူခိုးမှု၊ သွေးဆောင်ဆွဲခေါ်မှု၊ လူပြန်ပေးဆွဲမှု၊ ခြောက်လှန့်တောင်းယူမှု၊ လိမ်လည်မှု၊ အကျိုးဖျက်ဆီးမှုများ ကျူးလွန်လေ့ရှိသူ၊ ထိုသို့ ကျူးလွန်ရန် အားထုတ်လေ့ရှိသူ၊ ထိုသို့ ကျူးလွန်ရာ၌ အားပေးကူညီလေ့ရှိသူဟူ၍သော်လည်းကောင်း၊

(ဃ) မီးရထားလမ်းများ၊ လမ်းများ၊ သို့တည်းမဟုတ် တံတားများကို ဖျက်ဆီးဖောက်

ခွဲလေ့ရှိသူ၊ သို့တည်းမဟုတ် ဖျက်ဆီးဖောက်ခွဲရန် ကူညီလေ့ရှိသူဟူ၍သော်လည်းကောင်း၊

(င) လက်နက်အက်ဥပဒေနှင့် ဆန့်ကျင်လျက်၊ လက်နက်ခဲယမ်းမီးကျောက်များ၊ လုပ်ဆောင်လေ့ရှိသူ၊ သို့တည်းမမဟုတ် ထိုကဲ့သို့ လက်နက်ခဲယမ်းမီးကျောက်များကို စုဆောင်းလေ့ရှိသူ၊ သို့တည်းမဟုတ် ရောင်းဝယ်ဖောက်ကားလေ့ရှိသူဟူ၍သော်လည်းကောင်း၊

(စ) ငြိမ်ဝပ်ပိပြားမှု ပျက်ပြားစေရေး ဖြစ်ပေါ်စေသည့်ပြစ်မှုကို ကျူးလွန်လေ့ရှိသူ၊ ထိုသို့ ကျူးလွန်ရန် အားထုတ်လေ့ရှိသူ၊ ထိုသို့ကျူးလွန်ရာ၌ အားပေး ကူညီလေ့ရှိသူ ဟူ၍သော်လည်းကောင်း၊

(ဆ) ခြေချုပ်ဖြင့်သော်လည်းကောင်း၊ ခံဝန်ချုပ်ဖြင့်သော်လည်းကောင်း၊ မထားရှိဘဲ လွတ်လပ်စွာ နေထိုင်ခွင့်ပြုလျှင် ရပ်ရွာနေလူတစ်စုအား ဘေးဖြစ်စေလောက်အောင် အန္တရာယ်ပြုမည်ဟု စိုးရိမ်ရသူ၊ သို့တည်းမဟုတ် ထိုကဲ့သို့ လွတ်လပ်စွာ နေထိုင်ခွင့်ပြုလျှင် တစ်နည်းနည်း ဆိုးသွမ်းရမ်းကားမည်ဟု ရပ်ရွာနေ လူတစ်စုက ထိတ်လန့်ကြောက်ရွံ့နေရသူ ဟူ၍သော်လည်းကောင်း၊

သတင်းရလျှင် အဆိုပါ ရာဇဝတ်တရားသူကြီးသည် မိမိက သတ်မှတ်သင့်တော်သည်ဟု ထင်မြင်သည့် သုံးနှစ်ထက် မပိုသောကာလအတွင်း ထိုသူကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်သူနှင့် ခံဝန်ချုပ်ကို ချုပ်စေဟူသော အမိန့်မထုတ်သင့်ကြောင်း အကြောင်းပြထုချေရန် ဆင့်ဆိုနိုင်သည့်ပြင်၊ သို့တည်းမဟုတ် ထိုသို့ဆင့်ဆိုမည့်အစားသော်လည်းကောင်း၊ ထိုသို့ဆင့်ဆိုသည့်အပြင်သော်လည်းကောင်း၊ ထိုသူ့ အပေါ်တွင် မိမိသင့်သည်ဟု ထင်မြင်သည့်အတိုင်း သုံးနှစ်ထက်မပိုသော ကာလအပိုင်းအခြားအတွက် ခြေချုပ်အမိန့်ကို မည်သည့်အကြောင်းကြောင့် မချမှတ်သင့်ကြောင်း၊ အကြောင်းပြထုချေရန်လည်း ထိုသူအား ဆင့်ဆိုနိုင်သည်။

**တွဲဖက်ဆောင်ရွက်သည့် မှုခင်းကိစ္စများနှင့် အမှုတွဲ၊**

(၂) ရာဇဝတ်တရားသူကြီးသည်၊ တစ်ဦးတစ်ယောက်သောသူအား ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ်ချုပ်ဆိုစေဟူသော အမိန့်ကို မည်သည့်အကြောင်းကြောင့် မချမှတ်သင့်ကြောင်း၊ အကြောင်းပြထုချေရန် ဆင့်ဆိုနိုင်သည့်အပြင်၊ ထိုသူ့အပေါ်တွင် ခြေချုပ်အမိန့်ကိုလည်း မည်သည့်အကြောင်းကြောင့်မချမှတ်သင့်ကြောင်း၊ အကြောင်းပြထုချေရန် ထိုသူအား ဆင့်ဆိုလျှင် ခြေချုပ်အမိန့်နှင့် စပ်လျဉ်း သည့် မှုခင်းကိစ္စကို ခံဝန်ချုပ် ချုပ်ဆိုရန် မှုခင်းကိစ္စနှင့် တွဲဖက်ဆောင်ရွက်၍ အမှုတွဲတစ်ခု တည်းတွင် ရေးမှတ်နိုင်သည်။

***ချမှတ်ရမည့်အမိန့်.***

၆။ ။ ရာဇဝတ် တရားသူကြီးသည် ပုဒ်မ ၅အရ၊ ဆောင်ရွက်နေစဉ် တစ်ဦးတစ်ယောက်သော သူ အပေါ်တွင် ခြေချုပ်အမိန့်ကို မည်သည့်အကြောင်းကြောင့် မချမှတ်သင့်ကြောင်း၊ သို့တည်းမဟုတ် ထိုသူအား ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ် ချုပ်ဆိုစေဟူသော အမိန့်ကို မည်သည့်အကြောင်းကြောင့် မချမှတ်သင့်ကြောင်း အကြောင်းပြ ထုချေရမည်ဖြစ်ကြောင်း ထိုသူအား ဆင့်ဆိုရန်လိုအပ်သည်ဟု ထင်မြင်ယူဆလျှင်၊ အဆိုပါ ရာဇဝတ်တရားသူကြီးသည်မိမိရရှိသော သတင်း၏ လိုရင်းအချက်၊ ခြေချုပ်ရမည့်ကာလအပိုင်းအခြား၊ သို့တည်းမဟုတ် ခံဝန်ချုပ်ဆိုရသည့် ငွေအရေအတွက်နှင့် ထိုခံဝန်အတည်ဖြစ်မည့်ကာလ အပိုင်းအခြားတို့ကိုလည်းကောင်း၊ ခံဝန်သူလိုလျှင် ခံဝန်သူဦးရေ ခံဝန်သူ၏ စာရိတ္တနှင့် အမျိုးအစားတို့ကိုလည်းကောင်း၊ ဖော်ပြလျက် အမိန့်ရေးသား ချမှတ်ရမည်။

***တရားရုံး၌ ရှိနေသောသူနှင့် ပတ်သက်၍ လိုက်နာရမည့် နည်းလမ်း။***

၇။ ။ အဆိုပါအမိန့်ချမှတ်ခြင်း ခံရသူသည် တရားရုံးတွင် ရှိနေပါက၊ အဆိုပါအမိန့်ကို ထိုသူအား ဖတ်ပြရမည်၊ သို့တည်းမဟုတ် ထိုသူက အလိုရှိလျှင် ထိုအမိန့်ပါ လိုရင်း အချက်ကိုထိုသူအား ရှင်းလင်းပြောပြရမည်။

***တရားရုံး၌ မရှိသောသူနှင့် ပတ်သက်၍ လိုက်နာရမည့် နည်းလမ်း။***

၈။ ။ ပုဒ်မ ၅ အရ အရေးယူဆောင်ရွက်သော တရားရုံး၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးသည် တရားရုံးသို့ မိမိသတင်းရရှိသောသူအား ဖမ်းရန် ဝါရမ်းကို ထုတ်ရမည်။ သို့တည်းမဟုတ် ထိုသူအချုပ်နှင့် ရှိနေလျှင်၊ ထိုသူအား တရားရုံးသို့ တင်ပို့ရန် ချုပ်ထားသူ အရာရှိအား ညွှန်ကြားသော ဝါရမ်းကို ထုတ်ရမည်။

***ဝါရမ်းနှင့်အတူ ပါရှိရမည့် ပုဒ်မ ၆ အရ ထုတ်ဆင့်သည့် အမိန့်စာမိတ္တူ။***

၉။ ။ (၁)ပုဒ်မ ၈အရ ထုတ်ဆင့်သော ဝါရမ်းနှင့်အတူ ပုဒ်မ ၆အရ ရေးသားချမှတ်သော အမိန့်စာမိတ္တူကို ဝါရမ်းအတည်ပြုသော အရာရှိက အဆိုပါ ဝါရမ်းအရ အဖမ်းခံရသော သူအား ပေးအပ်ရမည်။

(၂) ယင်းသို့ အဖမ်းခံရသူအား ချုပ်ထားရမည်။

**ခြွင်းချက်။ ။** သို့ရာတွင် အဖမ်းခံရသူသည် မိန်းမဖြစ်လျှင်၊ သို့တည်းမဟုတ် မကျန်းမာသူ ဖြစ်လျှင်၊ သို့တည်းမဟုတ် အင်အားချိနဲ့သူဖြစ်လျှင်၊ အကြောင်းအချက်များကို ရေးမှတ်ပြီးလျှင် ပုဒ်မ ၆အရ ချမှတ်မည့်အမိန့်တွင် ဖော်ပြထားသည့် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးခံဝန်ချုပ် ကို ချုပ်ဆိုစေပြီး၊ ထိုသူအား စုံစမ်းမှုပြီးသည့်တိုင်အောင် လွှတ်ထားရမည်။

***သတင်းမှန်မမှန် စုံစမ်းခြင်း။***

၁၀။ ။(၁)ပုဒ်မ ၆ အရ ချမှတ်သော အမိန့်ကို၊ တရားရုံး၌ ရှိနေသူအား ပုဒ်မ ၇အရ ဖတ်ပြခြင်း၊ ရှင်းလင်းပြောပြခြင်း တစ်ခုခုပြုပြီးသောအခါ၌၊ သို့တည်း

မဟုတ် ရာဇဝတ်တရားသူကြီးရှေ့သို့ ပုဒ်မ ၈အရ ထုတ်ဆင့်သော ဝါရမ်းကို အတည်ပြုလျက် တစ်ဦးတစ်ယောက်သောသူအား ခေါ်ဆောင်လာသောအခါ၌၊ ရာဇဝတ်တရားသူကြီးသည် အရေးယူဆောင်ရွက်ခဲ့သည့် သတင်း မှန်မမှန်ကို ဆက်လက်စုံစမ်းရမည့်ပြင်၊ လိုအပ်သည်ဟု ထင်မြင်သော နောက်ထပ်သက်သေခံကို ဆက်လက်ရယူရမည်။

(၂) ကောင်းစွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်တောင်းဆိုသော အမိန့်ဖြစ်သည့် ကိစ္စတွင် ဝါရမ်းမှုများ၌ ကြားနာစစ်ဆေးခြင်းနှင့် သက်သေခံရေးမှတ်ခြင်းတို့အတွက် ပြဋ္ဌာန်းထားသော နည်းလမ်းအတိုင်း အဆိုပါ စုံစမ်းမှု ပြုနိုင်သမျှ ပြုရမည်။ သို့ရာတွင် ဤကိစ္စ၌မူကား စွဲချက်တင်ရန်မလို။

(၃) ပုဒ်မခွဲ(၁)အရ စုံစမ်းမှုမပြီးပြတ်သေးမီ ကာလအတွင်းတွင် သက်ဆိုင်သူအားစုံစမ်းမှုပြီးသည့်တိုင်အောင် ချုပ်ထားရမည်။

ခြွင်းချက်။ ။ သို့ရာတွင် မိန်းမ၊ သို့တည်းမဟုတ် မကျန်းမာသူ၊ သို့တည်းမဟုတ် အားအင်ချိနဲ့သူအား၊ ပုဒ်မ ၆ပါ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ် ချုပ်စေပြီး လွှတ်ထားနိုင်သည်။

(၄) တစ်ဦးတစ်ယောက်သော သူသည် ပြစ်မှုကျူးလွန်လေ့ရှိသူဖြစ်သည်ဟူသောအချက်ကို၊ သို့တည်းမဟုတ် ခံဝန်မရှိဘဲ လွတ်လပ်စွာ နေခွင့်ပြုလျှင်၊ ရပ်သူရပ်သားများကို ဘေးဖြစ်စေအောင် ဆိုးသွမ်းရမ်းကား၍ အန္တရာယ်ပြုတတ်သူဖြစ်သည်ဟူသောအချက်ကို ယေဘုယျအားဖြင့် ကျော်စောသတင်းရှိကြောင်း သက်သေခံဖြင့် ဤပုဒ်မအလို့ငှာ ထင်ရှားစေနိုင်သည်။

(၅) စုံစမ်းလျက်ရှိသော အမှုတွင် လူနှစ်ဦးဖြစ်စေ၊ ထိုထက်ပို၍ ဖြစ်စေ၊ ပူးပေါင်းပါရှိလျှင်၊ ရာဇဝတ်တရားသူကြီးသည် တရားနည်းလမ်းကျသည်ဟု ထင်မြင်သည့်အတိုင်း၊ တွဲ၍သော်လည်းကောင်း၊ ခွဲ၍သော်လည်းကောင်း၊ စုံစမ်းမှုကို ပြုနိုင်သည်။

**ခြေချုပ်အမိန့်ချမှတ်ခြင်း**

၁၁။ အထက်တွင် ဆိုခဲ့သည့်အတိုင်း၊ ရာဇဝတ်တရားသူကြီးက တစ်ဦးတစ်ယောက်သောသူနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးနောက် ထိုသူအပေါ်တွင် ခြေချုပ်အမိန့်ကို ချမှတ်သင့်သည်ဟု ယူဆလျှင် ရာဇဝတ်တရားသူကြီးသည် ထိုသို့ ယူဆသည့်အတိုင်း အမိန့်ချမှတ်ရမည်။

ခြွင်းချက်။ ။သို့ရာတွင်–

(က) ရာဇဝတ်တရားသူကြီးသည် ပုဒ်မ ၁၂အရ၊ တစ်ဦးတစ်ယောက်သောသူအပေါ်တွင် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ်ချုပ်စေဟူသော အမိန့်ချမှတ်ခဲ့လျှင်၊

ထိုသူအပေါ်တွင် ခြေချုပ်အမိန့်ကို ချမှတ်ခြင်း မပြုစေရ။

(ခ) ရာဇဝတ်တရားသူကြီးသည် မိမိချမှတ်သော အမိန့်တွင်၊ ထိုသူအား မည်သည့်နယ်မြေအတွင်း၌သာ သွားလာနေထိုင်ရမည်ဟူ၍သော်လည်းကောင်း၊ ကိုယ်တိုင်လာရောက်တိုင်ကြားရမည်ဟူ၍သော်လည်းကောင်း၊ သို့တည်းမဟုတ် မည်သည့်နယ်မြေအတွင်းတွင်သာ သွားလာနေထိုင်ရမည့်ပြင်၊ ကိုယ်တိုင်လည်း လာရောက်တိုင်ကြားရမည်ဟူ၍သော်လည်းကောင်း၊ ဖော်ပြရမည်။ ထိုအမိန့်သည် ဤအက်ဥပဒေအရ နိုင်ငံတော်သမ္မတက ပြုသည့် နည်းဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖြစ်စေရမည့်ပြင်၊ မည်သည့်နယ်မြေတွင် မည်သို့သော ခြေချုပ်မျိုးဖြင့် ထားသည်ကိုလည်းကောင်း၊ မည်သည့်နေရာနှင့် အချိန်တွင် မည်သည့်နည်းလမ်းဖြင့် လာရောက်တိုင်ကြားရမည်ကိုလည်းကောင်း၊ အကြောင်းအားလျော်စွာ သီးခြား ဖော်ပြရမည်။

ထို့ပြင်-

(ဂ) မည်သည့်ခြေချုပ်အမိန့်မျှ ပုဒ်မ ၆အရ ချမှတ်သည့်အမိန့်တွင်၊ သီးခြားဖော်ပြထားသော ကာလအပိုင်းအခြားအတွက်ထက် မပိုစေရ။

၁၂။ ခံဝန်ပေးရန်အမိန့်။ ထိုသို့ စုံစမ်းမှုပြုရာတွင် ကောင်းစွာ ကျင့်ကြံနေထိုင်ရေးအတွက်၊ အကြောင်းအားလျော်စွာ စုံစမ်းခြင်းခံရသူအား ခံဝန်သူများနှင့် ခံဝန်ချုပ် ချုပ်ဆိုရန် လိုအပ်ကြောင်း သက်သေထင်ရှားလျှင်၊ အဆိုပါ ရာဇဝတ်တရားသူကြီးသည် သက်သေထင်ရှားသည့်အလျောက် အမိန့်ချမှတ်ရမည်။

ခြွင်းချက်။ သို့ရာတွင်-

ပထမ။ ။ပုဒ်မ ၆ အရ ချမှတ်သောအမိန့်တွင် သတ်မှတ်ထားသည့် ခံဝန်သဘောနှင့် ကွဲလွဲသော၊ သို့တည်းမဟုတ် ထိုအမိန့်တွင် သတ်မှတ်ထားသည့် ငွေထက်ပိုသော၊ သို့တည်းမဟုတ် ထိုအမိန့်တွင် သတ်မှတ်ထားသည့် ကာလအပိုင်းအခြားထက်ပိုသော ခံဝန်ကို ပေးစေဟု မည်သူ့ကိုမျှ အမိန့်ချမှတ်ခြင်းမပြုရ။

ဒုတိယ။ ။အမှု၏ အကြောင်းခြင်းရာကို ကျနစွာ ထောက်ထားလျက် ခံဝန်ငွေကို သတ်မှတ်ရမည်။ ထိုသို့ သတ်မှတ်သောငွေသည် မများလွန်းစေရ။

တတိယ။ ။ခံဝန်သူများသည် ခံဝန်ချုပ်ပါကိစ္စများအလို့ငှာ သင့်တော်သူများ ဖြစ်ရမည်။

ရှင်းလင်းချက်။ ။"သင့်တော်သူ"ဆိုသည်မှာ၊ အကျင့်စာရိတ္တကောင်းမွန်၍၊ ခံဝန်ချုပ်ကို ဖောက်

ဖျက်ပါက ဒဏ်ငွေပေးဆောင်နိုင်သည့် အခြေအနေရှိသည့်အပြင်၊ မိမိတာဝန်ယူထားသည့်သူ၏ သွားလာမှုကို၊ သို့တည်းမဟုတ် အပြုအမူကို ကြီးကြပ်နိုင်စွမ်းလည်း ရှိသူကိုဆိုလိုသည်။

**သတင်းပေးခြင်း ခံရသူကို အရေးမယူကြောင်း အမိန့် ချမှတ်ခြင်း။**

၁၃။ ၊အထက်ပါပုဒ်မများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက်၊ ရာဇဝတ်တရားသူကြီးက ခြေချုပ်အမိန့် ချမှတ်ရန်မလိုဟု ယူဆလျှင် ရာဇဝတ်တရားသူကြီးသည် ထိုကဲ့သို့ အမိန့်ချမှတ်ရန် မလိုကြောင်းကို အမှုတွဲတွင် ရေးမှတ်ရမည်။ အကယ်၍ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ် ချုပ်စေဟူသော အမိန့်မချမှတ်လျှင်၊ ထိုသူအား စုံစမ်းစစ်ဆေးရန်အတွက် သက်သက်ချုပ်ထားပါက ရာဇဝတ်တရားသူကြီးက ထိုသူကို အချုပ်မှလွှတ်ရမည်။ ထိုသူမှာ အချုပ်နှင့် မရှိပါမူ ရာဇဝတ်တရားသူကြီးက အရေးမယူကြောင်း အမိန့်ချမှတ်နိုင်သည်။

***ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသော ပြစ်မှုကျူးလွန်သူအပေါ် ချမှတ်သည့် ခြေချုပ်အမိန့်။***

၁၄။ ။(၁) မည်သူမဆို ရာဇသတ်ကြီးပုဒ်မ ၂၁၅ အရ မြစ်ဒဏ်ချမှတ်ထိုက်သော ပြစ်မှုဖြင့်သော်လည်းကောင်း၊ ထိုရာဇသတ်ကြီးအခန်း ၁၂၊ သို့တည်းမဟုတ် အခန်း ၁၆ ရှိ ပုဒ်မ ၃၆၄ မှ ၃၆၈ ထိ ပုဒ်မတစ်ခုအရ၊ သို့တည်းမဟုတ် အခန်း ၁၇ အရ၊ သုံးနှစ်ထိဖြစ်စေ၊ ထိုထက်ပို၍ ဖြစ်စေ၊ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ထိုက်သော ပြစ်မှုဖြင့်သော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသောသူကို ခြေချုပ်အမိန့်ချမှတ်သင့်သည်ဟု ထင်မြင်လျှင်၊ ထိုသို့ စီရင်ချမှတ်သည့် ပြစ်ဒဏ်ခံပြီးသည့် နေ့ရက်မှစ၍၊ သုံးနှစ်ထက် မပိုသော ကာလအပိုင်းအခြား အတွက်၊ထိုသူအပေါ်တွင် ခြေချုပ်အမိန့်ချမှတ်နိုင်သည်။ ထို့ပြင် ၁၉၄၅ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ ၃၅အရဖြစ်စေ၊ ပုဒ်မ ၃၆ အရ ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရခဲ့ပြီးနောက်၊ နောက်တစ်ဖန် ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေ ပုဒ်မ ၃၅ အရဖြစ်စေ၊ ပုဒ်မ ၃၆ အရ ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြန်လျှင် တရားရုံးသည် သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးသည် ၁၉၄၅ ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ ၃၇ အရ အရေးယူမည့်အစား၊ ခြေချုပ်အမိန့်ချမှတ်သင့်သည်ဟု ထင်မြင်လျှင်၊ သို့တည်းမဟုတ် ရန်ကုန်မြို့၊ ရဲအက်ဥပဒေပုဒ်မ ၃၀ အရဖြစ်စေ၊ ပုဒ်မ ၃၁ အရ ဖြစ်စေ၊ ပြစ်မှုထင်ရှားစီရင်ခြင်း ခံခဲ့ရပြီးနောက်၊ နောက်တစ်ဖန် ရန်ကုန်မြို့၊ ရဲအက်ဥပဒေ ပုဒ်မ ၃၀အရ ဖြစ်စေ၊ ပုဒ်မ ၃၁အရ ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်း ခံရပြန်လျှင်၊ တရားရုံးသည်၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးသည် ထိုသူအပေါ်တွင် ပြစ် ဒဏ်စီရင်ချမှတ်သည့်အခါတွင် ရန်ကုန်မြို့၊ ရဲအက်ဥပဒေပုဒ်မ ၃၁-က အရ အရေးယူမည့်အစား၊ ခြေချုပ်အမိန့် ချမှတ်သင့်သည်ဟု ထင်မြင်လျှင်၊ ထိုသို့ စီရင်ချမှတ်သည့် ပြစ်ဒဏ်ခံရပြီးသည့် နေ့ရက်မှစ၍ တစ်နှစ်ထက်မပိုသည့် ကာလအပိုင်းအခြားအတွက် ထိုသူ့အပေါ်တွင်

ခြေချုပ် အမိန့် ချမှတ်နိုင်သည်။

(၂) အယူခံတွင်သော်လည်းကောင်း၊ အခြားနည်းကြောင့်သော်လည်းကောင်း၊ အဆိုပါ ဖြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်လျှင်၊ ပုဒ်မခွဲ (၁)တွင် ပါရှိသည့် အမိန့်မှာ ပျက်ပြယ်စေရမည်။

(၃) အယူခံဝင်ရာတွင်၊ အယူခံတရားရုံးသည် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (၁)အရ အောက်ရုံးက ချမှတ်သည့် အမိန့်ဖြစ်သည့်ကိစ္စတွင် ထိုအမိန့်အစား၊ သုံးနှစ် ထိ ခြေချုပ်အမိန့်ချမှတ်နိုင်သည်၊ သို့တည်းမဟုတ် ရာဇသတ်ကြီး အခန်း ၁၇ အရ သုံးနှစ်၊ သို့တည်းမဟုတ် သုံးနှစ်ထက်ပို၍ ဖြစ်စေ၊ ထောင်ဒဏ်ထိုက်သင့်သည့် ဖြစ်မှုအတွက်နှင့် ၁၉၄၅ခုနှစ်၊ ရဲအက်ဥပဒေပုဒ်မ ၃၇ အရ သော်လည်းကောင်း၊ ရန်ကုန်မြို့ ရဲအက်ဥပဒေပုဒ်မ ၃၁–က အရသော်လည်းကောင်း၊ အောက်ရုံးက ချမှတ်သည့် အမိန့်ဖြစ်သည့် ကိစ္စတွင် ထိုအမိန့်အတိုင်း တစ်နှစ်အထိ ခြေချုပ်အမိန့် ချမှတ်နိုင်သည်။

သို့ရာတွင် အယူခံတရားရုံးသည် အောက်ရုံးက ချမှတ်သည့်အမိန့်တွင် ဖော်ပြထားသည့်ကာလ အပိုင်းအခြားထက် ပို၍ ခြေချုပ်အမိန့်ကို မချမှတ်စေရ။

***ခြေချုပ်ထားရမည်၊ သို့တည်း မဟုတ် ခံဝန်တောင်းဆိုသည့် ကာလအပိုင်းအခြား အစပြုခြင်း။***

၁၅။ ။(၁) ပုဒ်မ ၁၁အရ ခြေချုပ်အမိန့် ချမှတ်ခြင်း ခံရသူသည်၊ သို့တည်းမဟုတ် ပုဒ်မ ၁၂အရ၊ ခံဝန်တောင်းဆိုသည့် အမိန့်ချမှတ်ခြင်းခံရသူသည်၊ အမိန့်ချမှတ်သည့်အခါတွင်၊ ထောင်ဒဏ်ချမှတ်ခြင်း ခံရသူဖြစ်လျှင်၊ သို့တည်းမဟုတ် ထောင်ဒဏ်ခံနေရသူဖြစ်လျှင်၊ ထိုသို့ ခြေချုပ်ထားရမည့် ကာလအပိုင်းအခြားသည်၊ သို့တည်းမဟုတ် ထိုသို့ တောင်းဆိုသည့် ခံဝန်ကာလအပိုင်းအခြားသည်၊ ထိုသို့ ချမှတ်သည့် ပြစ်ဒဏ်ကုန်ဆုံးသည့်အချိန်မှအစ ပြုစေရမည်။

(၂) အခြားအမှုများတွင် ရာဇဝတ်တရားသူကြီးက လုံလောက်သောအကြောင်းကြောင့် နောက်ကျသော နေ့ရက်ကို သတ်မှတ်ခြင်းမပြုလျှင်၊ အဆိုပါကာလအပိုင်းအခြားသည် အဆိုပါ အမိန့်ကို ချမှတ်သည့်နေ့ရက်မှ အစပြုရမည်။

***ခံဝန်တွင် ပါရှိရမည့် အချက်များ။***

၁၆။ ။သူတစ်ဦးတစ်ယောက်အပေါ်တွင် ခြေချုပ်အမိန့်ကိုသော်လည်းကောင်း၊ ထိုသူအား ကောင်းစွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ် ချုပ်ဆိုရန် အမိန့်ကို သော်လည်းကောင်း၊ ချမှတ်ခဲ့သော်၊ ထောင်ဒဏ်ချမှတ် ထိုက်သော ပြစ်မှုကို ကျူးလွန်ခြင်း၊ ထိုသို့ ကျူးလွန်ရန် အားထုတ်ခြင်း၊ ထိုသို့ ကျူးလွန်ရန် အားပေးကူညီခြင်း တစ်ခုခုကို မည်သည့်အရပ်တွင်မဆို ပြုစေကာမူ၊ ခြေချုပ်အမိန့်၊ သို့တည်းမဟုတ် ထိုခံဝန်ကို ဖောက်ဖျက်သည်မည်၏။

**ခံဝန်သူများကို ပယ်နိုင်ခွင့်အာဏာ။**

၁၇။ ။(၁)ရာဇဝတ်တရားသူကြီးသည် ပုဒ်မ ၁၂အရ ဖြစ်သော ခံဝန်သူကို လက်မခံဘဲ ငြင်းပယ်နိုင်သည်၊ သို့တည်းမဟုတ် ပုဒ်မ ၁၂အရ၊ မိမိကသော်လည်းကောင်း၊ ယခင် ရာဇဝတ်တရားသူကြီးကသော်လည်းကောင်း၊ လက်ခံပြီးဖြစ်သော မည်သည့်ခံဝန်သူကိုမဆို ခံဝန်ကိစ္စအလို့ငှာ မသင့်တော်သူဟူသော အကြောင်းပြချက်ဖြင့် ခံဝန်သူ အဖြစ်မှ ပယ်နိုင်သည်။

**ခြွင်းချက်။** ။သို့ရာတွင် အဆိုပါ ခံဝန်သူကို လက်ခံရန် ထိုသို့ ငြင်းပယ်ခြင်းမပြုမီ၊ သို့တည်းမဟုတ် အဆိုပါလက်ခံပြီးဖြစ်သော ခံဝန်သူကို ထိုသို့ မပယ်မီ၊ အဆိုပါ ခံဝန်သူသည် သင့်တော်သူဟုတ်သည်၊ မဟုတ်သည်ကို ကျမ်းသစ္စာဆိုစေ၍ စုံစမ်းမှုကို အဆိုပါ ရာဇဝတ်တရားသူကြီးသည် မိမိကိုယ်တိုင် ပြုရမည်၊ သို့တည်းမဟုတ် ထိုသို့စုံစမ်းမှုကို မိမိလက်အောက် ရာဇဝတ် တရားသူကြီးတစ်ဦးဦးအား ပြုစေ၍ ထိုစုံစမ်းမှုနှင့် စပ်လျဉ်းသော အစီရင်ခံစာကို တင်သွင်းစေရမည်။

(၂) စုံစမ်းမှုကို မပြုမီ၊ အဆိုပါရာဇဝတ်တရားသူကြီးသည် ခံဝန်သူသို့လည်းကောင်း၊ ထို ခံဝန်သူကိုတင်သွင်းသောသူသို့လည်းကောင်း၊ အချိန်မီ နို့တစ်စာပေးရမည့်ပြင်၊ ထိုသို့ စုံစမ်းမှုကို ပြုရာတွင် မိမိရှေ့တွင် တင်ပြသော သက်သေခံလိုရင်းအချက်ကို ရေးမှတ်ရမည်။

(၃) ထိုရာဇဝတ်တရားသူကြီးရှေ့တွင် တင်ပြသော သက်သေခံကိုသော်လည်းကောင်း၊ ပုဒ်မခွဲ(၁)အရ လွှဲအပ်ခြင်းခံရသော ရာဇဝတ်တရားသူကြီးရှေ့တွင် တင်ပြသော သက်သေခံနှင့် တကွ၊ (အစီရင်ခံစာရှိလျှင်) ထိုရာဇဝတ်တရားသူကြီး၏ အစီရင်ခံစာတို့ကိုသော်လည်းကောင်း၊ စဉ်းစားပြီးနောက် ထိုရာဇဝတ်တရားသူကြီးက အဆိုပါ ခံဝန်သူသည် ခံဝန်ကိစ္စအလို့ငှာ သင့်တော် သူမဟုတ်ဟု ယူဆကျေနပ်လျှင် အဆိုပါ ခံဝန်သူကို လက်မခံဘဲ ငြင်းပယ်သည်ဟူသော၊ သို့တည်း မဟုတ် လက်ခံပြီးဖြစ်သော ခံဝန်သူအား ပယ်သည်ဟူသော အမိန့်ကို ချမှတ်ရမည်။ ထိုသို့ အမိန့် ချမှတ်သည့်အကြောင်းပြချက်များကို ရေးမှတ်ရမည်။

**ခြွင်းချက်။** ။သို့ရာတွင် ယခင်လက်ခံပြီး ဖြစ်သော ခံဝန်သူအား ပယ်သော အမိန့်ကို မချမှတ်မီ၊ ထိုရာဇဝတ်တရားသူကြီးသည် မိမိသင့်တော်သည် ဟုထင်မြင်သည့်အတိုင်း ခံဝန်သူက တာဝန်ယူထား သောသူအား မိမိ၏ ရှေ့သို့လာရောက်စေရန်သမ္မာန်စာထုတ်ဆင့်ရမည်၊ သို့တည်းမဟုတ် ထိုသူ အား မိမိ၏ ရှေ့သို့ ခေါ်ဆောင်လာစေရန် ဝါရမ်းထုတ်ဆင့်ရမည်။

**ခံဝန်မပေး ပျက်ကွက် သဖြင့် ထောင်ဒဏ်ပေးခြင်း။**

၁၈။ (၁) ပုဒ်မ ၁၂အရ ခံဝန်ပေးရမည်ဟု အမိန့်ချမှတ်ခြင်းခံရသူသည် ခံဝန်ပေးရမည့်ကာလ အပိုင်းအခြား အစပြုသော နေ့ရက်တွင်သော်လည်းကောင်း၊ ထိုနေ့ရက် မတိုင်မီသော်လည်းကောင်း၊ ခံဝန်မပေးလျှင်၊ ထိုသူကို ဤမှ နောင်အဖို့ တွင် ဖော်ပြပါရှိသော ကိစ္စမျိုးမှာမှတစ်ပါး ထောင်သို့ ပို့ရမည်။ အကယ်၍ ထောင်၌ ချုပ်ထားပြီးဖြစ်

ပါက၊ အဆိုပါကာလအပိုင်းအခြားကုန်ဆုံးသည့်တိုင်အောင်သော်လည်းကောင်း၊ ထိုကာလ အပိုင်းအခြားအတွင်းတွင် ခံဝန်ပေးစေဟု အမိန့်ချ မှတ်သော တရားရုံးသို့ဖြစ်စေ၊ ရာဇဝတ်တရားသူကြီးထံသို့ဖြစ်စေ၊ ထိုသူက ခံဝန်ပေးသည့်အချိန်ထိသော်လည်းကောင်း၊ ထိုသူကို ထောင်ချုပ်၍ ထားရမည်။

***စက်ရှင်တရားရုံးသို့ မည်သည့်အခါတွင် အမှုတွဲများ တင်ပို့ရန်။***

(၂) ရာဇဝတ်တရားသူကြီးသည် နှစ်နှစ်ထက်ပိုသော ကာလအပိုင်းအခြားအတွက် ခံဝန်ပေးစေဟု ဆိုခဲ့သော သူအား အမိန့်ချမှတ်သောအခါ၌ ထိုခံဝန်ကို မပေးလျှင် ရာဇဝတ်တရားသူကြီးသည် စက်ရှင်တရားရုံးက အမိန့်မချမှတ်မီကာလအတွင်း၌ ထိုသူကို ထောင်ချုပ်၍ ထားစေဟု ညွှန်ကြားသည့် ဝါရမ်းကို ထုတ်ဆင့်ရမည်။ ထို့ ပြင် ထိုအမှုကို စက်ရှင်တရားရုံးသို့အခွင့်သင့်သည့်အလျောက် လျင်မြန်နိုင်သမျှ လျင်မြန်စွာ တင်ပို့ရမည်။

(၃) စက်ရှင်တရားရုံးသည် ထိုအမှုတွဲများကို စစ်ဆေး၍ မိမိလိုအပ်သည်ဟု ထင်မြင်သော အကြောင်းအချက်များကို၊ သို့တည်းမဟုတ် သက်သေခံကို အဆိုပါ ရာဇဝတ်တရားသူကြီးထံမှ ထပ်မံတောင်းယူပြီးနောက်၊ မိမိသင့်တော်သည်ဟု ထင်မြင်သည့် အမိန့်ကို ချမှတ်နိုင်သည်။

**ခြွင်းချက်။** ။သို့ရာတွင် ခံဝန်မပေးပျက်ကွက်သည့်အတွက် တစ်ဦးတစ်ယောက်သောသူကိုထောင်၌ ချုပ်ထားရန် ကာလအပိုင်းအခြား သတ်မှတ်ထားရှိခဲ့သော် ထိုကာလအပိုင်းအခြားသည် သုံးနှစ်ထက် မပိုစေရ။

(၄) နှစ်ဦးအနက်၊ သို့တည်းမဟုတ် ထို့ထက်ပိုသောသူများအနက်၊ တစ်ဦးဦးအတွက်၊ ပုဒ်မ ခွဲ(၂)အရ စက်ရှင်တရားသူကြီးထံသို့ တစ်ခုတည်းသော အမှုတွဲကို ဆုံးဖြတ်ရန်တင်ပို့သည့်ကိစ္စ ၌၊ အဆိုပါနှစ်ဦးထံမှ၊ သို့တည်းမဟုတ် အဆိုပါတို့ထက်ပိုသော သူတို့ထံမှ အဆိုပါအမှုတွဲကို ဆောင်ရွက်နေဆဲအတွင်းတွင်၊ ခံဝန်တောင်းဆိုထားလျှင်၊ ထိုသို့တင်ပို့ခြင်း၌ ခံဝန်တောင်းဆိုခြင်း ခံရသော အဆိုပါ အခြားသူတစ်ဦးဦး၏ အမှုကိစ္စလည်း ပါဝင်စေရမည်။ ထိုအခါမျိုးတွင် ပုဒ်မ ခွဲ(၂)နှင့် (၃)တို့ပါ ပြဋ္ဌာန်းချက်များသည် အဆိုပါ အခြားသူတို့၏ အမှုကိစ္စနှင့်လည်း သက်ဆိုင်စေရမည်။ သို့ရာတွင် ဆိုခဲ့သော သူအား ထောင်၌ ချုပ်ထားနိုင်သော ကာလအပိုင်းအခြား သတ်မှတ်ထားရှိလျှင် ထိုကာလအပိုင်းအခြားသည် ခံဝန်ပေးစေဟု ထိုသူအား အမိန့်ချမှတ်ထားပြီးဖြစ်သော ကာလအပိုင်းအခြားထက် မပိုစေရ။

(၅) စက်ရှင်တရားသူကြီးသည် မိမိထံသို့ ပုဒ်မခွဲ(၂)အရသော်လည်းကောင်း၊ (၄)အရသော်လည်းကောင်း၊ တင်ပို့သောအမှုတို့ကို ရာဘက်စက်ရှင်တရားသူကြီးထံသို့ဖြစ်စေ၊ လက်ထောက်စက်ရှင်တရားသူကြီးထံသို့ ဖြစ်စေ၊ မိမိသဘောအတိုင်း လွှဲပြောင်းပေးပို့နိုင်သည်။ ထိုအခါ အဆိုပါ ရာဘက်စက်ရှင်တရားသူကြီးသည်၊ သို့တည်းမဟုတ် အဆိုပါ လက်ထောက်စက်ရှင်တရားသူ

ကြီးသည် ထိုအမှုနှင့် စပ်လျဉ်း၍၊ ဤပုဒ်မအရ စက်ရှင်တရားသူကြီး၏ အာဏာများကို သုံးစွဲဆောင်ရွက်နိုင်သည်။

(၆) ခံဝန်ကို ဝေဖာင်ကြီးကြပ်အုပ်ချုပ်သူအရာရှိအားပေးလျှင်၊ ထိုအရာရှိသည် အမိန့်ချမှတ်ခဲ့သောတရားရုံးသို့သော်လည်းကောင်း၊ ရာဇဝတ်တရားသူကြီးသို့သော်လည်းကောင်း၊ ထိုကိစ္စကို ချက်ချင်းဆုံးဖြတ်ရန် တင်ပို့လျက်၊ အဆိုပါတရားရုံး၏၊ သို့တည်းမဟုတ် အဆိုပါ ရာဇဝတ်တရားသူကြီး၏ အမိန့်ကို စောင့်ဆိုင်းရမည်။

(၇) ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ပါမည်ဟူသော ခံဝန်ကိုမပေး ပျက်ကွက်သည့်အတွက် ခံရမည်ဖြစ်သော ထောင်ဒဏ်သည် အလုပ်ကြမ်းထောင်ဒဏ်ဖြစ်စေရမည်။

***ခံဝန်မပေး၊ ပျက်ကွက်သည့်အတွက် ထောင်ဒဏ်ခံရသူတို့ကို လွှတ်နိုင်ခွင့်အာဏာ။***

၁၉။ ။(၁) ဤဥပဒေအရ ခံဝန်မပေး ပျက်ကွက်သည့်အတွက် ထောင်ဒဏ်ခံရသူအား သက်ဆိုင်ရာ လူစုကိုဖြစ်စေ၊ အခြားလူတစ်ဦးတစ်ယောက်ကိုဖြစ်စေ၊ ဘေးမဖြစ်စေဘဲ လွှတ်နိုင်သည်ဟု ခရိုင်ရာဇဝတ်တရားသူကြီးက ထင်မြင်လျှင်၊ ထိုသူကိုလွှတ်ရန် အဆိုပါ ရာဇဝတ်တရားသူကြီးသည် အမိန့်ချမှတ်နိုင်သည်။

(၂) တစ်ဦးတစ်ယောက်သောသူက ဤအက်ဥပဒေအရ ခံဝန်မပေးပျက်ကွက်သည့်အတွက် ထောင်ဒဏ်ခံရသောအခါ၊ ခရိုင်ရာဇဝတ်တရားသူကြီးသည် (မိမိထက်ကြီးမြင့်သော တရားရုံးက ချမှတ်သော အမိန့်မဟုတ်လျှင်) ခံဝန်ငွေကို ဖြစ်စေ၊ ခံဝန်သူဦးရေကိုဖြစ်စေ၊ ခံဝန်နှင့် နေရန်တောင်းဆိုသောအချိန်ကာလကို ဖြစ်စေ၊ လျှော့သောအမိန့်ကို ချမှတ်နိုင်သည်။

(၃) ထိုသူအား စည်းကမ်းချက်များမထားဘဲသော်လည်းကောင်း၊ ထိုသူလက်ခံသည့် စည်းကမ်းချက်များထား၍သော်လည်းကောင်း၊ လွှတ်ရန်ပုဒ်မခွဲ(၁)အရ ချမှတ်သောအမိန့်ဖြင့် ညွှန်ကြားနိုင်သည်။

**ခြွင်းချက်** ။ ။ သို့ရာတွင် ချမှတ်သော စည်းကမ်းချက်များသည် ထိုသူ ခံဝန်တောင်းဆိုသည့်ကာလ အပိုင်းအခြားကုန်ဆုံးသောအခါ ပျက်ပြယ်စေရမည်။

(၄) စည်းကမ်းချက်နှင့်လွှတ်ခြင်းအတွက်၊ နိုင်ငံတော်သမ္မတသည် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(၅) လွှတ်စေအမိန့်ကို ချမှတ်ခဲ့သော ခရိုင်ရာဇဝတ်တရားသူကြီးကသော်လည်းကောင်း၊ ထိုခရိုင်ရာဇဝတ်တရားသူကြီး၏ ရာထူးတွင် ဆက်ခံဆောင်ရွက်သူကသော်လည်းကောင်း၊ အဆိုပါသူကို လွှတ်ရာတွင် သတ်မှတ်ထားခဲ့သည့် စည်းကမ်းချက်ကို မလိုက်နာဟု ထင်မြင်လျှင် ထို

ရာဇဝတ်တရားသူကြီးသည်၊ သို့တည်းမဟုတ် ရာထူးဆက်ခံဆောင်ရွက်သူသည် လွှတ်စေအမိန့်ကို ပယ်ဖျက်နိုင်သည်။

(၆) စည်းကမ်းချက်နှင့်လွှတ်သောအမိန့်ကို ပုဒ်မခွဲ (၅)အရ ပယ်ဖျက်ပြီးသောအခါ၊ ထိုသူကို မည်သည့်ရဲအရာရှိကမဆို ဝါရမ်းမရှိဘဲ ဖမ်းနိုင်၍၊ ဖမ်းပြီးသည့်နောက် ခရိုင်ရာဇဝတ်တရားသူကြီးရှေ့သို့ တင်ပို့ရမည်။

ထိုအခါ ထိုသူအား ပဋ္ဌမဦးစွာ ထောင်ပို့သည့်၊ သို့တည်းမဟုတ် ချုပ်ထားရန် အမိန့်ချမှတ်သည့် ကာလအပိုင်းအခြားအနက်၊ ကျန်ရှိသေးသော ကာလအပိုင်းအခြားအတွက်၊ မူလအမိန့်ပါ စည်းကမ်းချက်များနှင့်အညီ ထိုသူက ခံဝန်မပေးလျှင်၊ ခရိုင်ရာဇဝတ်တရားသူကြီးသည် ထိုသူကို အဆိုပါ ကျန်ရှိသေးသော ကာလအပိုင်းအခြား ကုန်ဆုံးသည့်တိုင်အောင် ထောင်ဒဏ်ကျခံရန် ရမန်ဖြင့် ပို့နိုင်သည်။ (အဆိုပါ ကျန်ရှိသေးသော ကာလအပိုင်းအခြားသည်၊ လွှတ်လိုက်စဉ်က ထားရှိသော စည်းကမ်းချက်ကို ဖောက်ဖျက်သောနေ့ရက်နှင့်၊ စည်းကမ်းနှင့် လွှတ်ခြင်းမရှိခဲ့သော လွှတ်ခွင့်ရထိုက်သည့် နေ့ရက်တို့အတွင်းရှိ ကာလအပိုင်းအခြားနှင့် ညီမျှသော ကာလအပိုင်းအခြားဖြစ်သည်ဟု မှတ်ယူရမည်။)

ဤပုဒ်မအရ ထောင်သို့ ရမန်ဖြင့် ပို့ခြင်း ခံရသူက၊ အဆိုပါကျန်ရှိသေးသော ကာလအပိုင်းအခြားအတွက် မူလအမိန့်ပါ စည်းကမ်းချက်များနှင့်အညီ၊ မူလ အမိန့်ချမှတ်သော တရားရုံးသို့ဖြစ်စေ၊ ရာဇဝတ်တရားသူကြီးသို့ ဖြစ်စေ၊ ထိုတရားရုံးကို လက်ခံဆောင်ရွက်သော တရားရုံးသို့ဖြစ်စေ၊ ရာဇဝတ်တရားသူကြီး ရာထူးဆက်ခံဆောင်ရွက်သူသို့ ဖြစ်စေ၊ ခံဝန်ပေးလျှင်၊ မည်သည့်အခါ၌မဆို ပုဒ်မ ၁၇ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ထိုသူကို လွှတ်ရမည်။

***ကောင်းမွန်စွာ ကျင့်ကြံ နေထိုင်ရေးအတွက် ချုပ်ဆိုသည့် ခံဝန်ကို ပယ်ဖျက်နိုင်သော ခရိုင်ရာဇဝတ်တရားသူကြီး၏ အာဏာ။***

၂၀။ ။ခရိုင်ရာဇဝတ်တရားသူကြီးသည် လုံလောက်သော အကြောင်းပြချက်များကို ရေးမှတ်ထားပြီးလျှင် မိမိခရိုင်အတွင်း မိမိထက်မကြီးမြင့်သော တရားရုံး၏ အမိန့်ဖြင့် ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ဤအက်ဥပဒေအရ ချုပ်ဆိုသည့် ခံဝန်ကို မည်သည့်အခါ၌မဆို ပယ်ဖျက်နိုင်သည်။

***ခံဝန်သူတို့ကို တာဝန်မှ လွှတ်ခြင်း။***

၂၁။ ။(၁) အခြားသူကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေး အတွက် ခံဝန်သူသည်၊ ခရိုင်ရာဇဝတ်တရားသူကြီးထံသို့ဖြစ်စေ၊ နယ်ပိုင်ရာဇဝတ်တရားသူကြီးထံသို့ ဖြစ်စေ၊ ပဋ္ဌမတန်း ရာဇဝတ်တရားသူကြီးထံသို့ ဖြစ်စေ၊ မိမိတို့၏ စီရင်ပိုင်ခွင့် အာဏာ ဒေသန္တရ နယ်နိမိတ်အတွင်း ဤအက်ဥပဒေအရ ချုပ်ဆိုသော ခံဝန်ကို ပယ်ဖျက်စေရန်၊ မည်သည့်အခါ၌ မဆို၊ လျှောက်ထားနိုင်သည်။

(၂) ထိုသို့လျှောက်ထားသောအခါ ရာဇဝတ်တရားသူကြီးသည် ခံဝန်သူက တာဝန်ခံသော သူအား မိမိရှေ့သို့ လာရောက်စေရန် သမ္မာန်စာကိုဖြစ်စေ၊ ခေါ်ဆောင်လာစေရန် ဝါရမ်းကိုဖြစ်စေ၊ မိမိက သင့်တော်သည်ဟု ထင်မြင်သည့်အတိုင်း ထုတ်ဆင့်ရမည်။

***ခံဝန်၏ ကျန်ရှိသေးသော ကာလအပိုင်းအခြားအတွက် ခံဝန်။***

၂၂။ ။ပုဒ်မ ၁၇၊ ပုဒ်မခွဲ(၃)ပါ ခြွင်းချက်အရဖြစ်စေ၊ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (၂)အရဖြစ်စေ၊ ခေါ်ဆောင် လာစေရန် ဝါရမ်း၊ သို့တည်းမဟုတ် လာရောက်စေရန် သမ္မာန်စာထုတ်ဆင့်ခြင်း ခံရသူသည်၊ ရာဇဝတ်တရားသူကြီး ရှေ့သို့ လာရောက်သောအခါ၊ သို့တည်းမဟုတ် ထိုသူကို ခေါ်ဆောင်လာသောအခါ၊ ရာဇဝတ်တရားသူကြီးသည် ထိုသူ ချုပ်ဆိုခဲ့သော ခံဝန်ကို ပယ်ဖျက်ရမည်။ ထို့ပြင် ခံဝန်၏ ကျန်ရှိသေးသော ကာလအပိုင်းအခြား အတွက်မူလခံဝန်နှင့် တစ်မျိုးတစ်စားတည်းဖြစ်သော ခံဝန်အသစ်ပေးရန် ထိုသူအား အမိန့်ချမှတ် ရမည်။ အဆိုပါ အမိန့်သည် ပုဒ်မ ၁၆၊ ၁၇၊ ၁၈နှင့် ၁၉တို့ကိစ္စအလို့ငှာ၊ ပုဒ်မ ၁၁အရ ချမှတ်သော အမိန့်ဖြစ်သည်ဟု မှတ်ယူရမည်။

***ခြေချုပ်ထားရာနယ်မြေ အတွင်းဝမ်းစာရှာမှီးရေး။***

၂၃။ ။(၁) ခြေချုပ်အမိန့်ချမှတ်နိုင်သည့် တရားရုံးက၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးက တစ်ဦးတစ်ယောက်သောသူသည်၊ ခြေချုပ်ထားရာ နယ်မြေအတွင်း ၎င်း၏ဝမ်းစာကို လုံလောက်စွာရှာမှီးနိုင်မည်ဟု ယုံကြည်ကျေနပ်ခြင်းမရှိလျှင် ထိုသူအပေါ်တွင် ခြေချုပ်အမိန့်ကို မချမှတ်ရ။

**ခြွင်းချက်** ။ ။ သို့ရာတွင် အဆိုပါအမိန့်ကို မချမှတ်မီ တရားရုံးသည်၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးသည် ခြေချုပ်ထားရန် ရည်ရွယ်သော နယ်မြေနှင့် စပ်လျဉ်း၍၊ ထိုသူ၏ ကန့်ကွက်ချက်ကို ရေးမှတ်၍ စဉ်းစားဆင်ခြင်ရမည်။

(၂) ဤအက်ဥပဒေအရ ခြေချုပ်အမိန့်ချမှတ်ခြင်းခံရသူတစ်ဦးတစ်ယောက်က၊ မိမိတို့ ခြေချုပ်ထားရာနယ်မြေအတွင်း မိမိ၏ ဝမ်းစာကို လုံလောက်စွာ မရှာမှီးနိုင်ဟု အမိန့်ချမှတ်သည့် တရားရုံးအား၊ သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးအားသော်လည်းကောင်း၊ ခရိုင်ရာဇဝတ်တရား သူကြီးအားသော်လည်းကောင်း၊ မည်သည့်အခါမဆို ယုံကြည်ကျေနပ်အောင် ပြလျှင်၊ တရားရုံးသည် သို့တည်းမဟုတ် ရာဇဝတ်တရားသူကြီးသည် ထိုသူအား ခြေချုပ်ထားရာ နယ်မြေကို ပြောင်းလဲ ရမည်။

***ခြေချုပ်ထားရာနယ်မြေကို ပြောင်းလဲနိုင်ခွင့်အာဏာ။***

၂၄။ ။ခရိုင်ရာဇဝတ်တရားသူကြီးသည် ဤအက်ဥပဒေအရ ချမှတ်သည့် ခြေချုပ်အမိန့်ဖြင့်၊ တစ်ဦးတစ်ယောက်သောသူအား ခြေချုပ်ထားရာ နယ်မြေကို မည်သည့် အခါမဆို ပြောင်းလဲနိုင်သည်။

ခြွင်းချက်။ ။သို့ရာတွင် ထိုသူအား မည်သည့်အကြောင်းကြောင့် ထိုသို့ နယ်မြေမပြောင်းလဲသင့်ကြောင်း အကြောင်းပြထုချေခွင့် ပေးရမည်။

**ခြေချုပ်အမိန့်ရုပ်သိမ်းနိုင်သည့် အာဏာ။**

၂၅။ ။ခရိုင်ရာဇဝတ်တရားသူကြီးသည် မိမိ၏ ခရိုင်အတွင်း စီရင်ပိုင်ခွင့်အာဏာရ မည်သည့် တရားရုံးကမဆို ချမှတ်သည့် ခြေချုပ်အမိန့်ကို ရုပ်သိမ်းရန် လုံလောက်သော အကြောင်းရှိလျှင်၊ ထိုအကြောင်းများ ရေးမှတ်၍ မည်သည့်အခါမဆို ရုပ်သိမ်းနိုင်သည်။

**ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ်အစား၊ ခြေချုပ်အမိန့် ချမှတ်နိုင်သည့် အာဏာ။**

၂၆။ ။ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရေးအတွက် ခံဝန်ချုပ် ချုပ်ဆိုစေဟူသော အမိန့်ကို၊ ဤအက်ဥပဒေအာဏာမတည်မီဖြစ်စေ၊ အာဏာတည်ပြီးနောက်ဖြစ်စေ၊ တရားရုံးတစ်ခုခုက၊ တစ်ဦးတစ်ယောက်သောသူအပေါ်တွင် ပုဒ်မ ၁၂အရ၊ ချမှတ်ထားပြီးဖြစ်ခဲ့လျှင်၊ ခရိုင်ရာဇဝတ်တရားသူကြီးသည် ထိုခံဝန်ချုပ် ကာလ၊ အပိုင်းအခြား မကုန်ဆုံးမီ မည်သည့်အခါမဆို၊ ထိုအမိန့်အစား ခြေချုပ်အမိန့်ကို ချမှတ်နိုင်သည်။

ခြွင်းချက်။ ။ သို့ရာတွင်–

(က) ခြေချုပ်အမိန့်ကာလအပိုင်းအခြားသည်၊ မကုန်ဆုံးသေးသော ခံဝန်ချုပ်ကာလ အပိုင်းအခြားထက် မပိုစေရ၊ ထို့ပြင်–

(ခ) ဤပုဒ်မအရ၊ တစ်ဦးတစ်ယောက်သော သူအပေါ်တွင် မည်သည့် ခြေချုပ် အမိန့်ကိုမျှ၊ ထိုသူအား မည်သည့်အကြောင်းကြောင့် အဆိုပါ အမိန့်မချမှတ်သင့်ကြောင်း အကြောင်းပြထုချေခွင့် မပေးဘဲ မချမှတ်စေရ။

**အယူခံခြင်း**

၂၇။ ။(၁) မည်သူမဆို၊ ခရိုင်ရာဇဝတ်တရားသူကြီးမှတစ်ပါး အခြားတရားသူကြီးတစ်ဦးဦး၏ ခြေချုပ်အမိန့်ချမှတ်ခြင်း ခံရလျှင်၊ ထိုအမိန့်ကို ပယ်ဖျက်ရန် ခရိုင်ရာဇဝတ် တရားသူကြီးထံ အယူခံဝင်နိုင်သည်။

(၂) ခရိုင်ရာဇဝတ်တရားသူကြီးသည် ပုဒ်မ ၅အရ ကိုယ်တိုင်အရေးယူသည့်ကိစ္စတွင် ၎င်း အမိန့်ကို ပယ်ဖျက်ရန် စက်ရှင်တရားသူကြီးထံ အယူခံဝင်နိုင်သည်။

**သတ်မှတ်ထားသော နယ်မြေနှင့် နယ်နိမိတ် ပြင်ပတွင် တွေ့ရှိသူကိုလည်းကောင်း၊ လာရောက်တိုင်ကြားရန် ပျက်ကွက်သူကိုလည်းကောင်း၊ ဖမ်းဆီးခြင်း။**

၂၈။ ။ဤအက်ဥပဒေအရ ခြေချုပ်အမိန့်ချမှတ်ခြင်း ခံရသူကို၊ ၎င်းအား ခြေချုပ်ထားရာနယ်မြေ ပြင်ပရှိ တစ်နေရာတွင်၊ ဤအက်ဥပဒေအရ ပြုသည့် နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသော ခွင့်ပြုလက်မှတ်မပါဘဲ၊ တွေ့ရှိခဲ့လျှင်၊ သို့တည်းမဟုတ် ၎င်း၏ ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်အရ ခွင့်မပြုသည့်အချိန်၊ သို့တည်းမဟုတ် နေရာတွင်

တွေ့ရှိခဲ့လျှင်၊ သို့တည်းမဟုတ် အဆိုပါနည်းဥပဒေများတွင် သတ်မှတ်ထားသည့်အချိန်၊ နေရာနည်းလမ်းအတိုင်း ကိုယ် တိုင်လာရောက်တိုင်ကြားခြင်းမပြုဘဲ ပျက်ကွက်ခဲ့လျှင်၊ ထိုသူအား ရဲအရာရှိတစ်ဦးဦးကသော်လည်း ကောင်း၊ ကျေးရွာအက်ဥပဒေအရ ခန့်ထားသော ရွာသူကြီး၊ သို့တည်းမဟုတ် ၁၉၅၃ခုနှစ်၊ ဒီမိုကရေစီဒေသန္တရအုပ်ချုပ်ရေးအက်ဥပဒေအရ ခန့်ထားသည့် ကျေးရွာကောင်စီဥက္ကဋ္ဌ၊ သို့တည်းမဟုတ် ကျေးလက်ရဲအမှုထမ်းတစ်ဦးဦးကသော်လည်းကောင်း၊ မြို့များအက်ဥပဒေအရ ခန့်ထားသောသူကြီး၊ သို့တည်းမဟုတ် ၁၉၅၃ခုနှစ်၊ ဒီမိုကရေစီ ဒေသန္တရအုပ်ချုပ်ရေး အက်ဥပဒေအရ ခန့်ထားသည့် မြို့မကောင်စီဥက္ကဋ္ဌ၊ သို့တည်းမဟုတ် အကွက်အုပ်တစ်ဦးဦးကသော်လည်းကောင်း ဝါရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။

**နည်းဥပဒေများ ပြုနိုင်သည့် အာဏာ။**

၂၈။ ။နိုင်ငံတော်သမ္မတသည်၊ အောက်ပါကိစ္စများအတွက် စည်းမျဉ်းသတ်မှတ်ရန် နည်းဥပဒေများ ပြုနိုင်သည်–

(က) ဤအက်ဥပဒေအရ သူတစ်ဦးဦးအား ချုပ်ထားနိုင်သည့် နယ်မြေနှင့် ထိုသူလိုက်နာရမည့် ချုပ်မျိုး သတ်မှတ်ရန်၊

(ခ) ဤအက်ဥပဒေအရ ကိုယ်တိုင်လာရောက်တိုင်ကြားရမည်ဟူသော အမိန့်နှင့် သက်ဆိုင်သူက မည်သူ့ထံသို့၊ မည်သည့်အချိန်နှင့် နေရာတွင်၊ မည်သည့်နည်းလမ်းအတိုင်း ကိုယ်တိုင်လာရောက်တိုင်ကြားရန်၊

(ဂ) သက်ဆိုင်သူအား၊ ချုပ်ထားရာနယ်မြေမှ ထွက်ခွာသွားခွင့်ပြုသော ခွင့်ပြုလက်မှတ်များ ထုတ်ပေးရန်၊ ထို့ပြင်

(ဃ) အောက်ပါအချက်များနှင့်စပ်လျဉ်း၍ အဆိုပါ ခွင့်ပြုလက်မှတ်တစ်ခုခုတွင် ထည့်သွင်းရန် စည်းကမ်းချက်များသတ်မှတ်ရန်–

(၁) ခွင့်ပြုလက်မှတ်ရသူ သွားလာခွင့်ရသောနေရာများ၊ သို့တည်းမဟုတ် သွားလာခွင့်မရသော နေရာများ။

(၂) ခွင့်ပြုလက်မှတ် ရရှိသူက အခါအားလျော်စွာ ကိုယ်တိုင်သွားရောက်တိုင်ကြားရမည့်သူများ။

(၃) ခွင့်ပြုလက်မှတ်ရသူအား၊ ချုပ်ထားရာ နယ်မြေမှအပ၊ အခြားနေရာတွင် သွားလာနေထိုင်ခွင့်ပြုသည့်ကာလအပိုင်းအခြား။

၃၀။ ။(၁) ဤအက်ဥပဒေအရ ခြေချုပ်အမိန့်ချမှတ်ခြင်းခံရသူမည်သူမဆို၊ ထိုအမိန့်ကိုဖြစ်စေ၊ ဤအက်ဥပဒေအရပြုသော နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် ခွင့်ပြုလက်မှတ်ပါ စည်းကမ်းချက်တစ်ခုခုကိုဖြစ်စေ၊ ဖောက်ဖျက်ခဲ့လျှင်၊ ပဋ္ဌမတန်း ရာဇဝတ်တရားသူကြီးရှေ့တွင် ပြစ်မှုထင်ရှားစီရင်ခြင်း ခံရကာလ—

***ပြစ်ဒဏ်များ***

(က) ပထမအကြိမ်ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ စီရင်ခြင်း ခံရမည်၊

(ခ) ဒုတိယအကြိမ်ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် နှစ်နှစ်ထိ ထောင်ဒဏ်စီရင်ခြင်း ခံရမည်၊ ထို့ပြင်

(ဂ) နောက်မည်သည့်အကြိမ်မဆို ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ သုံးနှစ်ထိ ထောင်ဒဏ်စီရင်ခြင်း ခံရမည်။

(၂) ခြေချုပ်အမိန့်အတည်ဖြစ်ရမည့်ကာလအပိုင်းအခြားကို ရေတွက်ရာ၌၊ ပုဒ်မခွဲ(၁)အရ ချမှတ်သည့် စီရင်ချက်အတိုင်း ကျခံရသော ထောင်ဒဏ်ကာလ အပိုင်းအခြားကို ထည့်သွင်း ရေတွက်ခြင်း မပြုစေရ။

***ထောင်ဒဏ်ကာလအပိုင်းအခြားကို ရေတွက်ရာ၌ ခြေချုပ်အမိန့်ကာလ အပိုင်းအခြားကို ထည့်သွင်းရေတွက်ခြင်း မပြုစေရ။***

၃၁။ ။ရာဇဝတ်ကျင့်ထုံးကိုဥပဒေပါ ပြဋ္ဌာန်းချက်များသည်၊ ဤအက်ဥပဒေတွင် သီးခြားပြဋ္ဌာန်းထားသည့် ကိစ္စများမှတစ်ပါး၊ အခြားသော ကိစ္စများနှင့် သက်ဆိုင်စေရမည်။

***ရာဇဝတ်ကျင့်ထုံးကိုဥပဒေ သက်ဆိုင်ခြင်း။***

၃၂။ ။၁၉၅၇ခုနှစ်၊ ခြေချုပ်အက်ဥပဒေကို ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

*၁၉၅၇ခုနှစ်၊*
*ခြေချုပ်အက်ဥပဒေရုပ်သိမ်းခြင်း။*

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၂ရက်။
(၁၉၆၁ခုနှစ်၊ မတ်လ ၂၇ရက်။)

အမိန့်အရ၊
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။